# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက်အမှတ် (၉/ ၂၀၂၆)

၁။ ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် အခြေခံအုတ်မြစ် ဖြစ်ပြီး လူ့အခွင့်အရေးကို လေးစားကာကွယ်မြှင့်တင်ခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် အရေးပါသော အခြေခံအချက်ဖြစ်ပါသည်။ နိုင်ငံများအကြား ငြိမ်းချမ်းရေးကို မြှင့်တင်ရန်နှင့် လူသားများအနေဖြင့် ငြိမ်းချမ်းရေး၏တန်ဖိုးကို သတိပြုမိစေရန် ရည်ရွယ်၍ နှစ်စဉ် စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံက သတ်မှတ်ခဲ့ပါသည်။

၂။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ငြိမ်းချမ်းရေး၏ အရေးပါမှုကို အလေးထား ဖော်ပြထားသကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နိဒါန်းတွင် "လူသားအားလုံး၏ မွေးရာပါ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သည်" ဟု ဖော်ပြထားရာ လူတစ်ဦးချင်းစီ၏ တန်ဖိုးနှင့် ဂုဏ်သိက္ခာကို လေးစားမှုရှိမှသာ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

၃။ ငြိမ်းချမ်းရေးသည် ပဋိပက္ခကင်းဝေးရုံမျှသာမက လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လက်တွေ့ခံစားနိုင်သည့် လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်ခြင်းဖြစ်ရာ ယခုနှစ် ငြိမ်းချမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"Invest in Peace: For Everyone, Everywhere, Everyday"** နှင့်အညီ လူတိုင်း၊ နေရာတိုင်း၊ နေ့ရက်တိုင်း ငြိမ်းချမ်းရေးကို ကြိုးပမ်းဖော်ဆောင်ကြရမည် ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရေးမှတစ်ဆင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ ဦးဆောင်လျက် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီ" (National Solidarity and Peace-making Central Committee) ကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်